# သဘောထားထုတ်ပြန်ကြေညာချက်

## ကြေညာချက်အမှတ်(      /၂၀၂၁)

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်

ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို DMO –PDF ၊ ပြည်သူ့ကာကွယ်ရေးတပ်-မိုးဗြဲ MB-PDF နှင့် ပြည်သူ့ကာကွယ်ရေးတပ် -ဖယ်ခုံ PK-PDF တို့သည် ညီအစ်ကိုအရင်းသဖွယ် ညီနောင်မဟာမိတ်အဖွဲ့အဖြစ် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း (၉-၈-၂၀၂၁) ရက်စွဲပါ ကြေညာချက်အမှတ် (၇/၂၀၂၁) ထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

မိမိတို့ ညီနောင်မဟာမိတ်အဖွဲ့နှင့်အတူ ပြည်သူ့ကာကွယ်ရေးတပ်-ရှမ်းတောင် (SS-PDF)၊ ပြည်သူ့ကာကွယ်ရေးတပ်-နေပြည်တော် (NPT-PDF) နှင့် ပြည်သူ့ကာကွယ်ရေးတပ်-လွိုင်ကော် (LKW-PDF) တို့မှလည်း ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီမှု ရရှိကြပြီး ဖြစ်ပါသည်။

အဆိုပါညီနောင်မဟာမိတ် (၆)ဖွဲ့အနေဖြင့် ပြည်သူလူထုကို အခြေခံ၍ ဖွဲ့စည်းထားသောကြောင့် ပြည်သူ့ဆန္ဒသဘောထားကို အပြည့်အဝ ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် CRPH ၊ NUG မှ ပြဋ္ဌာန်းထားသော သစ္စာ အဓိဋ္ဌာန် (၄)ချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် စစ်အာဏာရှင်ကို အမြစ်ပြတ် တွန်းလှန်မည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း EAOs များနှင့် ချိတ်ဆက်ပူးပေါင်း တိုက်ထုတ်သွားမည်ဖြစ်ကြောင်းကို ညီနောင်မဟာမိတ်အဖွဲ့(၆)ဖွဲ့မှ သဘောထား ထုတ်ပြန်လိုက်သည်။

ပြည်သူ့ကာကွယ်ရေးတပ်

ဒီးမော့ဆို(DMO)၊မိုးဗြဲ(MB)၊ဖယ်ခုံ(PK)
ရှမ်းတောင်(SS)၊နေပြည်တော်(NPT)၊ လွိုင်ကော်(LKW)